**ရှမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်း**

**ဧပြီလ ၈ ရက် ၂၀၁၄ ခုနှစ်**

## ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြန်မာစစ်သားက ရွာသားအား တုတ်ဖြင့် ရိုက်နှက်၊ ဓါးဖြင့်ထိုးကာ ၄င်း၏ ပစ္စည်းများအား လုယူသွားခဲ့

ပြီးခဲ့သည့် ၂၃ ရက် မတ်လ ၂၀၁၄ ခုက ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ရန်းမြို့နယ်တွင် သားရှင်လောင်းပြုရန်အလှုဖိတ်စာများ သွားဖိတ်ပြီး ပြန်လာသော ရွာသားတစ်ဦးအား မြန်မာတပ်ရင်း ခမရ ၅၁၅ မှ စစ်သားနှစ်ဦးက ရိုက်နှက်ပြီး ဓါးဖြင့်ထိုးကာ ၄င်းရွာသား၏ ဆိုင်ကယ် နှင့် အခြား ပစ္စည်းများအား လုယူသွားခဲ့သည်။

၂၃ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်အတွင်းရှိ မိုင်းကောင်မြို့မှ အသက် ၄၆ အရွယ်ရှိ စိုင်းဆန်သည် ၄င်းနေထိုင်ရာ ရွာတောင်ဖက် ၁၅ မိုင်အကွာတွင်ရှိသော မိုင်းအွတ်မြို့သို့ သားရှင်လောင်းပြုရန် အလှုဖိတ်စာဝေရန်သွားခဲ့သည်။ ယင်းသို့ဖိတ်စာဝေရန်အသွား ၄င်းနေထိုင်ရာ မြို့နှင့် ၁၂ မိုင်အကွာရှိ ပေါ့လုံရွာအနီး တပ်ချထားသော မြန်မာစစ်တပ်များမှ စိုင်းဆန် အားငင်းတို့အတွက် ကွမ်းများဝယ်လာပေးခိုင်းခဲ့သည်။ ယင်းသို့ မိုင်း အွတ်သို့ဖိတ်စာဝေပြီးအပြန် စိုင်းဆန်သည် ၄င်းတပ်သားများအတွက် မှာသည့် အတိုင်း ဝယ်လာ ပေးသော ကွမ်းများကိုပေးပြီး ခရီးဆက်ခဲ့သည်။ ယင်းသို့ပြန်ရာတပ်နှင့် ၁ မိုင်ခန့်အကွာ အရောက်တွင် စစ်သား နှစ်ဦးမှ ဓါးကိုင်ဆောင်ကာ စိုင်းဆန်အား လမ်းပေါ်တွင် စောင့် နေ ခဲ့သည်။ ယင်းမြန်မာစစ်သား နှစ်ဦးသည် စိုင်းဆန်အား တုတ်ဖြင့် ၄င်း၏ ဦးခေါင်း၊ မျက်နှာ၊ နှင့် လည်ပင်း အားထုရိုက်ကာ၊ ဓါးဖြင့်လည်း ဦးခေါင်း၊ ပါးနှစ်ဖက် နှင့် လည်ဂုတ်အား ထိုးနှက်ခဲ့ရာ မေ့မြော သွားခဲ့သည်။ ထို့နောက် ၄င်း၏ ခန္ဓာကိုယ်အား လမ်းဘေးအနီးရှိ ခြုံပုတ်အတွင်း သို့ပစ်ထားခဲ့သည်။ ယင်းမြန်မာ စစ်သားနှစ်ဦးမှ စိုင်းဆန်၏ ဆိုင်ကယ်၊ ကျပ်ငွေ ၅၀၀၀၀ နှင့် လက်ပတ်နာရီ အားယူဆောင်သွားခဲ့သည်။

ယင်းသို့မြန်မာစစ်သား နှစ်ဦးမှ ထွက်ခွာသွားပြီး တစ်ခဏအကြာ စိုင်းဆန်သည် မေ့မြောနေရာမှ သတိပြန်လည်လာကာ အနီးဆုံးဖြစ်သည့် ပေါ့လုံရွာသို့အားယူကာ လေးဖက်ကုန်း တွားသွား ခဲ့ရသည်။ ရွာသို့ရောက်သော် ၄င်းရွာမှ ရွာသားများလည်း စိုင်းဆန်၏ ဆွေမျိုးမိသားစုများအား

ဆက်သွယ်ကာ လားရှိုးဆေးရုံသို့ ပို့ခဲ့သည်။ သို့သော်လည်း ၎င်း၏ ဒါဏ်ရာများမှ ပြင်းထန်လွန်းသဖြင့် မန္တလေး ဆေးရုံသို့ ထပ်မံပို့ဆောင်ခဲ့ရသည်။

ရိုက်နှက်ထားရသောဒါဏ်ကြောင့် စိုင်းဆန်သည်သွားများအချို့ကျွတ်ထွက်သွားပြီး၊ ဦးခေါင်းတွင် ပေါက်ပြဲဒါဏ်ရာအချို့နှင့် မေးရိုးမှ ရိုက်နှက်ခံထားရသောဒါဏ်ကြောင့် ကွဲအက်နေသဖြင့် ၎င်း ပါးစပ်ကို လည်း ချုပ်ထားရကာ စကားလည်းမပြောနိုင် ထမင်းလဲမစားနိုင်ဖြစ်နေသည်။ ထိုသို့ပါးစပ်အားမချုပ်ခင် ဆေးရုံ၌ စိုင်းဆန်မှ " ကျွန်တော်လည်း သူတို့မှာတဲ့အတိုင်း ကွမ်းယာတွေကို ဂယ်လာ ပေးတယ်။ ကွမ်းယာတွေကိုပေးပြီး ပြန်လာတာ စစ်တပ်နဲ့တစ်မိုင်အကွာလောက်မှာ ဗမာစစ်သား နှစ်ယောက် လမ်းမှာစောင့်နေတယ်၊ ပြီးတော့ကျွန်တော့်ကို ရိုက်တာ မေ့သွားတဲ့ အထိပါဘဲ။ ကျွန်တော်နိုးလာတော့ တစ်ကိုယ်လုံးနာကျင်နေတာခံစားရတယ်၊ ပြီးတော့ ကျွန်တော့ တစ်ကိုယ်လုံးမှာလည်း သွေးတွေ အပြည့်နဲ့ အဲဒါ ကျွန်တော်လည်း ဟွေလုံရွာကို ကြိုးစားပြီးတော့ လေးဖက်ကုန်း တွားသွား ခဲ့တာဘဲ။"

စိုင်းဆန် ဇနီးမှ " ကျွန်မတို့ကသာမန်ရွာသားတွေပါ။ ရိုးရိုးရှင်းရှင်းနဲ့ လက်လုပ်လက်စား အသက်မွေးဂမ်း ကြောင်းပြုပါတယ်။ ဘယ်နိုင်ငံရေး အဖွဲ့အစည်း လက်နက်ကိုင်အဖွဲ့အစည်း တွေနဲ့မှ ဆက် နွယ်ပက်သက်မှု မရှိပါဘူး" ဟုပြောသည်။

စိုင်းဆန်၏သမီးအကြီးဆုံးမှလည်း "အဖေဆေးရုံမှာတုန်းက ရဲတွေလာပြီး မေးခွန်းတွေမေးသေးတယ်၊ ဒါပေမဲ့ ကျွန်မတို့လဲ ဗမာစစ်သားတွေလုပ်တယ်လို့ မပြောရဲဘူး"

ဤလုပ်ရပ်များကို ကျူးလွန်သည့် စစ်သားများသည် မိုင်းကောင်မှ ၁၂ မိုင်အကွာရှိ ဟွေလုံရွာနှင့်တစ်မိုင်ဂန်းကျင်လောက်တွင် အခြေစိုက်နေသည့် တပ်ရင်း ၅၁၅ မှဖြစ်သည်။ ယင်းတပ်ရင်းသည် လက်ရှိအခြေစိုက်ရာစစ်တပ်သို့ပြီးခဲ့သည့် ဖေဖော်ဂါရီလ အကုန်ပိုင်းလောက်တွင် ရွှေ့ပြောင်းလာခဲ့သည်။ မြန်မာစစ်တပ်သည် လက်ရှိ တပ်နေရာ၌ ၂၀၁၂ ဖွန်လိုင်လအတွင်း ရှမ်းပြည်တပ်မတော် မြောက်ပိုင်းနှင့် တိုက်ပွဲဖြစ်ပြီးနောက် စတင်တပ်စွဲနေခဲ့သည်။

တန့်ယန်းမြို့နယ်အတွင်းရှိ မြန်မာစစ်တပ်များသည် ဒေသအတွင်းရှိ ပြည်သူများအား ခြိမ်းခြောက်ခြင်း၊ ရပ်ကွက်ကျေးရွာတွင်းရှိ ဘုန်းကြီးများအား မလေးမစားပြုလုပ်ခြင်း၊ ဘုန်းကြီးကျောင်းဂန်းအတွင်း ကြက်များငါးများသတ်ဖြတ်စားသောက်ခြင်း စသည်တို့ကို ပြုလုပ်လျှက်ရှိသည်ဟု ဒေသခံများ ကပြော သည်။


ဆက်သွယ်ရန် နှင့် ဂင်ရောက်ကြည့်ရှုရန်

Email: shrf@shanhumanrights.org, shrf@cm.ksc.co.th (+66 (0) 93 297 7754)

Website: www.shanhumanrights.org



ဓါးနှင့်ထိုးကာ ရိုက်နှက် လုယက်ခံရသူ စိုင်းဆန်